# မြန်မာနိုင်ငံ

## နောက်ခံ အကြောင်းအရာ

မြန်မာနိုင်ငံသည် ယခုလောလောဆယ်တွင် စစ်အာဏာရှင်စနစ်မှ ဒီမိုကရေစီ အစိုးရ စနစ်သို့ကူးပြောင်းခြင်း၊ ဗဟို ဦးစီး ချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းခြင်း၊ နယ်စပ်ဒေသများတွင် နှစ်ပေါင်း ၆၀ ကြာ ပဋိပက္ခဖြစ်နေရာမှ ငြိမ်းချမ်းရေးရရှိရေးသို့ ဆောင်ရွက်လျက်ရှိခြင်း စသည့် အသွင် ကူးပြောင်းမှု သုံးမျိုးကို ဆောင်ရွက်လျက်ရှိပါသည်။ ထို အသွင်ကူးပြောင်းမှုများက မြန်မာနိုင်ငံကိုအာရှတွင် စီးပွားရေးအရှိန်အဟုန် အကောင်းဆုံး နိုင်ငံများ အနက် တစ်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိစေရန်နှင့် မြန်မာပြည်သူများအတွက် အခွင့်အလမ်း ကောင်းများနှင့် သာတူ ညီမျှ ကြွယ်ဝမှုများ ဖော်ဆောင်ပေးရန် အလားအလာရှိနေသည်။

အရှေ့တောင်အာရှဒေသတွင် အကြီးဆုံးနိုင်ငံအဖြစ်မြန်မာနိုင်ငံသည် ဒေသတွင်း၌ လူဦးရေ သိပ်သည်းမှု အနည်းဆုံးဖြစ်ကာ မြေဆီဩဇာကြွယ်ဝပြီး ထုတ်ယူသုံးစွဲရခြင်းမရှိသေးသည့် စိုက်ပျိုးရေး အလားအလာ ကောင်းများနှင့် ကြွယ်ဝသည့် သယံဇာတများစွာ ရှိနေပါသည်။ ကမ္ဘာ့စီးပွားရေး အရှိန်အဟုန် အကောင်းဆုံးနှစ် နိုင်ငံ ဖြစ်သော တရုတ်နှင့်အိန္ဒိယ နိုင်ငံနှစ်ခု အကြားတွင် တည်ရှိနေသည့် ပထဝီဝင်ဆိုင်ရာ အနေအထားက ဒေသဆိုင်ရာ ကူးသန်း ရောင်းဝယ်ရေး ဗဟိုချက်နှင့် ဓာတ်သတ္တု၊ သဘာဝဓာတ်ငွေ့နှင့် စိုက်ပျိုးရေး ထုတ်ကုန်များ အဓိက ပံ့ပိုးပေးသူ အဖြစ် သမိုင်းတွင်ရှိခဲ့သည့် ၎င်း၏ အခန်းကဏ္ဍကို ပြန်လည်ရရှိရန် အခြေအနေကောင်းဖြစ်သည်။

၂၀၁၁ ခုနှစ်မှ စတင်ပြီး အစိုးရသည် စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကျယ်ပြန့်သည့် ပြုပြင်ပြောင်းလဲမှု အစီအစဉ်များကို စတင် လုပ်ဆောင်ခဲ့သည်။ အစိုးရသည် စီးပွားရေး ပျက်ယွင်းနေမှုများကို ဖယ်ရှားရန်အတွက် နိုင်ငံခြားသုံး ငွေကြေးကို ဈေးကွက်ပေါက်ဈေးအတိုင်း လဲလှယ်ခွင့်ပြုခြင်း၊ ပုဂ္ဂလိက ဝင်ငွေခွန်ကောက်ခံမှု ထိရောက်စေရေးနှင့် စားသုံးသူ အကောက်ခွန် နှုန်းထား လျှော့ချရေးအတွက် ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းသစ်များ ချမှတ်ပေးခြင်း၊ ဆက်သွယ်ရေးကဏ္ဍအား လွတ်လပ်ခွင့်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုများ လှုံ့ဆော် ပေးရန်ရည်ရွယ်သည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ပေးခြင်း၊ ဘဏ္ဍာရေး ကဏ္ဍ ပြန်လည် သုံးသပ်ခြင်း၊ ဘဏ္ဍာငွေရရှိမှု တိုးမြှင့်ပေးခြင်းနှင့် အလုပ်အကိုင်ဖန်တီးပေးသည့် ပတ်ဝန်းကျင် တစ်ခု ဖန်တီးပေးခြင်း ကဲ့သို့သော ပြုပြင်ပြောင်းလဲမှုများစွာကို စတင်လုပ်ဆောင်ပေးခဲ့သည်။

ဤပြုပြင်ပြောင်းလဲမှုများ၏ ရလဒ်များကို မြင်တွေ့နေရပြီ ဖြစ်သည်။ ၂၀၁၃/၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် ၈.၃ ရာခိုင်နှုန်းအထိ ရှိလာခဲ့ပါသည်။ ထိုသို့ တိုးတက်လာခြင်း၏ အဓိက အကြောင်းရင်းမှာ ဆောက်လုပ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှု လုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ဖြစ်သည်။ ၂၀၁၄/၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဓာတ်ငွေ့ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများကြောင့် စီးပွားရေး တိုးတက်မှုနှုန်း ၈.၅ ရာခိုင်နှုန်းအထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။ မြန်မာနိုင်ငံအတွက် ရှေ့အလားအလာမှာ အကောင်းဘက်သို့ ဦးတည်လျက်ရှိသော်လည်း မူဝါဒပိုင်းဆိုင်ရာ ကဏ္ဍများစွာတွင် ဆက်လက်ပြုလုပ်ရဦးမည့် ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများ၏ အခြေအနေများအပေါ် ဆက်စပ်လျက်ရှိပါသည်။

၂၀၁၃/၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု ပမာဏ (GDP) ဒေါ်လာ ဘီလျံပေါင်း ၅၆.၈ ခန့်ရှိသည်ဟု ခန့်မှန်းထားပါသည်။ ၂၀၁၄ ခုနှစ် မတ်နှင့် ဧပြီလ တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းမှ ကနဦးထွက်ပေါ်လာသည့် ရလဒ်များအရ မြန်မာနိုင်ငံ လူဦးရေ စုစုပေါင်း ၅၁.၄ သန်း အပေါ်တွင် အခြေခံတွက်ချက်မည်ဆိုပါက တစ်ဦးချင်း ဂျီဒီပီမှာ ဒေါ်လာ ၁၁၀၅ ခန့်ရှိပါသည်။ အရှေ့အာရှ ပစိဖိတ်ဒေသတွင်

အနည်းဆုံး နိုင်ငံများအနက် ပါဝင်နေဆဲ ဖြစ်ပါသည်။ ၂၀၀၉/၂၀၁၀ တွင် ကောက်ယူခဲ့သည့် အမျိုးသား အိမ်ထောင်စု အခြေအနေဆိုင်ရာ ဆန်းစစ်လေ့လာမှု စစ်တမ်းအရ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၆ ရာခိုင်နှုန်းရှိသည်ဟု သိရပါသည်။ ကမ္ဘာ့ဘဏ်က ထပ်မံပြုလုပ်သည့် အသေးစိတ်လေ့လာ သုံးသပ်မှုတွင် non-food items in the consumption basket နှင့် spatial price differentials များအပေါ် အခြေခံတွက်ချက်မှုများအရ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၃၇.၅ ရာခိုင်နှုန်းအထိ ရှိနိုင်သည်ဟု ခန့်မှန်းထားပါသည်။

တစ်ချိန်က ကမ္ဘာတွင် ထိပ်ဆုံး၌ရှိခဲ့သည့် မြန်မာနိုင်ငံ၏ ဆန်တင်ပို့မှု သည် ယခုအခါ ကမ္ဘာ့ဈေးကွက် ဝေစု၏ ပမာဏ အနည်းငယ်သာ ရှိသည်။ သဘာဝဓာတ်ငွေ့နှင့် ကျောက်မျက်ရတနာများ ကဲ့သို့သော မြန်မာနိုင်ငံ၏ သဘာဝ အရင်းအမြစ်များ တင်ပို့မှုမှာ သိသာစွာတိုးတက်ခဲ့သည်။

မြန်မာနိုင်ငံ၏ လူမှုရေးဆိုင်ရာ အညွှန်းကိန်းအများစုမှာ အလွန်နိမ့်ကျနေသည်။ ဥပမာအားဖြင့် အသက်၅နှစ်အောက် ကလေးငယ်များ၏ ၃၂%သည် အာဟာရ ချို့တဲ့မှုဒဏ်ကို ခံစားနေရသည်။ အခြေခံအဆောက်အအုံများ ပြည့်စုံ လုံလောက်မှု မရှိခြင်းတို့က အခြေခံ ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများပေးသည့်လုပ်ငန်းများနှင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေး အတွက် အဓိက အဟန့်အတားများဖြစ်နေသည်။ မိုးရာသီကာလအတွင်း လမ်းများ၏ ထက်ဝက် နီးပါးလောက်မှာ သွားလာရ ခက်ခဲနေ သည်။

ဆက်သွယ်ရေးနှင့် အင်တာနက်များမှာလည်း အကန့်အသတ်နှင့်သာ အသုံးပြုနိုင်သေးသည်။ နိုင်ငံလူဦးရေ၏ ၇၃% နီးပါးမှာ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိခြင်းမရှိဘဲ လျှပ်စစ်ဓာတ်အား သုံးစွဲမှုတွင် ကမ္ဘာ့ ပျမ်းမျှနှုန်းထက် အဆ ၂၀ လျော့နည်း ပြီး ကမ္ဘာပေါ်တွင် လျှပ်စစ်ဓာတ်အား သုံးစွဲမှုအနိမ့်ဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်နေသည်။ လက်ရှိ ရှိနေသော လျှပ်စစ်ဓာတ်အားဆိုင်ရာ အခြေခံအဆောက်အအုံများမှာလည်း လက်ရှိ လိုအပ်သည့်ပမာဏ၏ ထက်ဝက် လောက်ကိုသာ ဖြည့်ဆည်းပေးနိုင်သည့်အတွက် မကြာခဏ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများနှင့် အလှည့်ကျ မီးပေးမှုများ ဖြစ်ပေါ်နေ သည်။ သောက်သုံးရေရရှိမှုမှာလည်း နေရာအတော်များများတွင် လုံလောက်မှုမရှိချေ။

**မဟာဗျူဟာ**

မြန်မာနိုင်ငံသည် ၁၉၅၂ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည် တည်ဆောက်ရေးဘဏ် (IBRD)၊ ၁၉၅၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း (IFC) နှင့် ၁၉၆၂ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အသင်း (IDA) တို့၏ အဖွဲ့ဝင်ဖြစ်လာသည်။ ၂၀၁၃ခုနှစ် အောက်တိုဘာလ ကလည်း ကမ္ဘာ့ဘဏ်အုပ်စု၏ ဘက်စုံရင်းနှီးမြှုပ်နှံမှု အာမခံ အေဂျင်စီ(MIGA)၏ တင်းပြည့် အဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့ပြီး အရေးပါသည့် ခြေလှမ်းတစ်ရပ်ကို စတင်ခဲ့သည်။ နိုင်ငံတကာ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှု ဖြေရှင်းရေးဌာနနှင့် အတူ ထိုအဖွဲ့အစည်းလေးခုဖြင့် ကမ္ဘာ့ဘဏ်အုပ်စုကို ဖွဲ့စည်းထားသည်။

ကမ္ဘာ့ဘဏ်အုပ်စုကြီးက ၁၉၈၇ခုနှစ် အထိ မြန်မာနိုင်ငံ အတွင်း၌ စီမံကိန်း၃၅ခု အတွက် ရန်ပုံငွေ ပံ့ပိုးပေးခဲ့သည်။ ၁၉၉၈ ခုနှစ် တွင် မြန်မာအစိုးရသည် ကမ္ဘာ့ဘဏ်အုပ်စုအပေါ် ပေးရန်ကြွေးကျန်ရှိခဲ့သော်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် ဆက်လက်ရှိ နေပြီး နှစ်ပတ်လည် အစည်းအဝေးများကို တက်ရောက်ခဲ့ပါသည်။

၂၅နှစ်နီးပါး မြန်မာနိုင်ငံနှင့် ကင်းကွာနေပြီးနောက် ၂၀၁၂ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာ့ဘဏ်အုပ်စု၏ အမှုဆောင် ဒါရိုက်တာဘုတ်အဖွဲ့က မြန်မာနိုင်ငံ အတွက် ကြားဖြတ် မဟာဗျူဟာ တစ်ခုကို အတည်ပြုကာ မြန်မာနိုင်ငံ၌ လုပ်ငန်းပြန်လည်လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် လမ်းညွှန်မှုပေးသည့် အဆိုပါ မဟာဗျူဟာသည် ၂၀၁၄ ခုနှစ် မတ်လအထိ အကျိုးဝင်မည် ဖြစ်ပြီး မြန်မာနိုင်ငံပြည်သူများအား ပိုမို

ကောင်းမွန်သည့် ပြည်သူ့ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်နှင့် ဆင်းရဲနွမ်းပါးမှု လျော့ချရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန်အတွက် အင်စတီးကျူးရှင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို အရေးပါသည့် လက်ရှိ အပြောင်းအလဲ ကာလတွင် ကူညီ ဆောင်ရွက်သွားနိုင်ရန် ဖြစ်ပါသည်။

ထိုမဟာဗျူဟာအရ နိုင်ငံသားများအတွက် အဖွဲ့အစည်းများအား လုပ်ဆောင်ခွင့်ပြုသည့် အစိုးရ၏ အသွင်ကူးပြောင်းရေး အားထုတ်မှုများအပေါ် ကူညီထောက်ပံ့မှုပြုရန် ကမ္ဘာ့ဘဏ်အုပ်စုကြီးက အဓိက ဦးတည်ဆောင်ရွက်လျက်ရှိသည်။ ထို ဆောင်ရွက်ချက်များ ခိုင်မာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေကို အကဲဖြတ်ခြင်းအပါအဝင် လေ့လာဆန်းစစ်မှုလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည်။ ကျန်းမာရေး၊ ပညာရေး၊ လူမှုကာကွယ် စောင့်ရှောက်ရေးနှင့်  ဆက်သွယ်ရေး ကဏ္ဍများဆိုင်ရာ နည်းပညာ အကူအညီနှင့် မူဂါဒဆိုင်ရာ အကြံဉာဏ် ပေးမှုများလည်း လုပ်ဆောင်ပေးနေသည်။ ထို့အပြင် ့ ဧရာဝတီမြစ်ကြောင်း ဘက်စုံ ထိန်းသိမ်းစောင့်ရှောက်ရေး အတွက် ရေရှည်တည်တံ့နိုင်မည့် စီမံခန့်ခွဲရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အဖွဲ့အစည်းဆိုင်ရာ၊ ပစ္စည်း ကိရိယာဆိုင်ရာနှင့် သတင်းအချက်အလက်ဆိုင်ရာ ကဏ္ဍများတွင်လည်း အကူအညီပေးလျက်ရှိပါသည်။

ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု လျော့ချနိုင်ရန်၊ သာယာဝပြောမှုများ ဝေမျှခြင်းကို မြှင့်တင်ဆောင်ရွက်နိုင်ရန်နှင့် ကြားဖြတ် မဟာဗျူဟာကို ဆက်ခံမည့် မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်တစ်ခု (Country Partnership Framework) ရေးဆွဲနိုင်ရန်အတွက် မြန်မာနိုင်ငံဆိုင်ရာ လေ့လာဆန်းစစ်မှု တစ်ရပ် (Systematic Country Diagnostic) ကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုမူဘောင် ရေးဆွဲနိုင်ရန် ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံအစိုးရ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များအပါအဝင် အဖွဲ့အစည်းအသီးသီးနှင့် နီးကပ်စွာ လက်တွဲဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရန် စီစဉ် လျက်ရှိပြီး မြန်မာနိုင်ငံ၏ စွမ်းအင် ကဏ္ဍ၊ စိုက်ပျိုးရေး ကဏ္ဍ၊ ရေအရင်းအမြစ် စီမံခန့်ခွဲရေးနှင့် အခြား အရေးပါသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍများတွင် ကူညီသွားနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ စွမ်းအင်ကဏ္ဍတွင် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လျှပ်စစ်မီးရရှိရေး စီမံချက်ရေးဆွဲရာတွင် ကူညီလျက်ရှိပြီး ဥပဒေ စည်းမျဉ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ လျှပ်စစ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေး အပိုင်းတွင် ပုဂ္ဂလိက ကဏ္ဍ ပါဝင်နိုင်မှု၊ ပင်မ ဓာတ်အားလိုင်း မရောက်ရှိနိုင်သည့် ကျေးလက်ဒေသများအတွက်  ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ စသည် ကဏ္ဍများကို အလေးပြု ကူညီသွားမည်ဖြစ်ပါသည်။ ထို့အတူ မြန်မာနိုင်ငံ၏ ကျန်းမာရေး ကဏ္ဍအတွက် နိုင်ငံတကာမှ နည်းပညာဗဟုသုတများကို ယူဆောင်လာခြင်းနှင့် ဘဏ္ဍာရေးအရ ကူညီပေးခြင်းဖြင့် ၂၀၃၀ ပြည့်နှစ်အမီ လူတိုင်းအတွက် ကျန်းမာရေး စောင့်ရှောက်မှု ရရှိနိုင်ရန် ကူညီဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကနဦး ဦးတည်ချက်များအဖြစ် မိခင်၊ မွေးကင်းစ ကလေးငယ်နှင့် ကလေးငယ်များ အတွက် ကျန်းမာရေး စောင့်ရှောက်မှု တိုးတက်စေနိုင်ရန် အရေးကြီးသည့် ကျန်းမာရေး စောင့်ရှောက်မှုများကို တိုးတက် ပေးအပ်နိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်သည်။

ကမ္ဘာ့ဘဏ်အုပ်စုသည် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့်ပတ်သက်သည့် လတ်တလောအကျဆုံး စီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် ခွဲခြမ်းစိတ်ဖြာ လေ့လာချက်များကို အစိုးရ၏မူဂါဒရေးဆွဲသူများ၊ တွေးခေါ်ပညာရှင်အဖွဲ့၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီပို့ဆောင်ပေးခြင်းဖြင့် တစ်ရှိန်ထိုးပြောင်းလဲနေသည့် မြန်မာနိုင်ငံတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဂါဒနှင့်ပတ်သက်ပြီး ချင့်ချင့် ချိန်ချိန် ဆုံးဖြတ်ဆွေးနွေးနိုင်အောင် လုပ်ဆောင် ပေးလျက်ရှိသည်။ ၂၀၁၃ခုနှစ်တွင် ကမ္ဘာ့ဘဏ်အုပ်စုသည် ပထမဆုံးသော မြန်မာ့စီးပွားရေး စောင့်ကြည့်မှု အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာတွင် လတ်တလော ကျယ်ပြန့်သောအမြင်ဖြင့် စီးပွားရေးဆိုင်ရာ လေ့လာမှု ဖွံ့ဖြိုးတိုးတက်မှု၊ လတ်တလော အကောင်အထည်ဖော်ပြီး စီစဉ်ထားသည့်

မူဝါဒ ပြုပြင်ပြောင်းလဲမှုများ အကြောင်း ရှာဖွေတင်ပြထားသည်။ ပြည်သူ့ဝန်ဆောင်မှု ကဏ္ဍတွင် မြန်မာနိုင်ငံ၏ ပြည်သူ ဘဏ္ဍာငွေ သုံးစွဲမှု၊ ပစ္စည်း ဝယ်ယူမှုနှင့် ဘဏ္ဍာရေး သုံးစွဲမှုဆိုင်ရာ တာဝန်ခံမှုစနစ်များ၏ အခြေအနေကို သိရှိနိုင်ရန် ပြည်သူ့ အသုံးစရိတ်နှင့် ငွေကြေးဆိုင်ရာ တာဝန်ခံမှုအကဲဖြတ် အစီရင်ခံစာ (PEFA) ကဲ့သို့သော လေ့လာ ဆန်းစစ်မှု လုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးသည်။

မြန်မာနိုင်ငံနှင့် ပြန်လည် လက်တွဲလုပ်ဆောင်ချိန်ကစတင်ပြီး ကြွေးကျန်များ မလျော်ပစ်မီ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အသင်းမှ ခွင့်ပြုပေးအပ်ငွေ ဒေါ်လာသန်း ၈၀ အပါအဝင် ကမ္ဘာ့ဘဏ်အုပ်စုက အောက်တွင် ဖော်ပြထားသည့် ကဏ္ဍများတွင် မြန်မာနိုင်ငံအတွက် ဘဏ္ဍာရေးအရ ကူညီ ပေးလျက်ရှိပါသည်။

- မြန်မာနိုင်ငံနှင့် ပြန်လည် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြုပြင်ပြောင်းလဲရေး ပံ့ပိုးပေးသည့် ကြွေးမြီအဖြစ် IDA၏ အတိုးမဲ့ချေးငွေ ဒေါ်လာသန်း ၄၄၀ ထုတ်ချေးပေးကာ ကမ္ဘာ့ဘဏ်သို့ပေးရန် ကြွေးကျန်များ ရှင်းလင်းရေး လွယ်ကူ အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့သည်။ ဤသို့အားဖြင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်မှု ဦးစားပေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် တင်းပြည့် မိတ်ဖက်တစ်ဦးအဖြစ် ပြန်လည် ရောက်ရှိစေရန် လမ်းဖွင့် ပေးလိုက်သည်။ နောက်ဆုံး ထုတ်ပေးလိုက်သည့် ငွေပမာဏမှာ ဒေါ်လာ ၄၁၉.၆သန်း ဖြစ်သည်။ မြန်မာနိုင်ငံက မြီရှင်များထံပေးရန်ရှိသည့် ကြွေးမြီများ ရှင်းလင်းသွားအောင် အထောက်အကူ ပေးသည့်အပြင် ထိုချေးငွေက အရေးတကြီး ပြုပြင် ပြောင်းလဲရန် လိုအပ်သည့်အရာများကို ပံ့ပိုး ပေးလျက်ရှိသည်။
- မွန်ပြည်နယ်တွင် (၁၀၆) မဂ္ဂါဝပ် ဓာတ်အားရှိသည့် ခေတ်မီဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးတွင် ပံ့ပိုးကူညီ ရန်အတွက် မြန်မာ့လျှပ်စစ်ဓာတ်အားစီမံကိန်း(MEPP)သို့ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အသင်း (IDA)က အတိုးမဲ့ချေးငွေဒေါ်လာသန်း ၁၄၀ ထုတ်ချေးပေးရန် ကမ္ဘာ့ဘဏ်အုပ်စု၏ ဒါရိုက်တာဘုတ်အဖွဲ့က ၂၀၁၃ခုနှစ် ဇက်တင်ဘာလက ခွင့်ပြုပေးခဲ့သည်။ နည်းပညာသစ်ကြောင့် ထိုဓာတ်အားပေးစက်ရုံသည် တူညီသည့် သဘာ ဝဓာတ်ငွေ့ပမာဏဖြင့် လျှပ်စစ်ဓာတ်အား ၂၅၀ ရာခိုင်နှုန်း ပိုမို ထုတ်လုပ် ပေးနိုင်မည် ဖြစ်ပြီး ဓာတ်ငွေ့ ထုတ်လွှတ်မှု များကို လည်း လျှော့ချပေးနိုင်မည်ဖြစ်သည်။
- အတိုးမဲ့ချေးငွေ ဒေါ်လာ ၃၁.၅ သန်းမှာ မိုဘိုင်းဖုန်းများကို တန်ဖိုးအနည်းဆုံးဖြင့် သုံးစွဲနိုင်ရေး လုပ်ငန်း အတွက်ဖြစ်သည်။ ၎င်းတို့ထဲတွင် အဓိက ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ ပြန်လည်သုံးသပ်ရေးနှင့် နိုင်ငံတကာရှိ အကောင်းဆုံး ကျင့်သုံးနေသည့် နည်းလမ်းများနှင့် တစ်ပြေးညီဖြစ်သည့် ဥပဒေ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲရေးအတွက် နည်းပညာအကူအညီပေးရေးတို့လည်း ပါဝင်သည်။
- IDA အတိုးမဲ့ ချေးငွေ ဒေါ်လာသန်း ၃၀ ဖြင့် ဆောင်ရွက်မည့် ပြည့်သူဘဏ္ဍာငွေ စီမံခန့်ခွဲရေး လုပ်ငန်းများ ခေတ်မီတိုးတက်အောင် ဆောင်ရွက်ခြင်း စီမံကိန်း ကို ကမ္ဘာ့ဘဏ် ဘုတ်အဖွဲ့က ၂၀၁၄ ဧပြီလတွင် ခွင့်ပြုခဲ့သည်။ ဩစတြေးလျအစိုးရက ဒေါ်လာ ၈.၅ သန်း၊ ယူနိုက်တက်ကင်းဒမ်းအစိုးရက ဒေါ်လာ ၁၆.၅သန်းတို့ ကလည်း အလှူရှင်များ၏ ယုံကြည်မှု ရန်ပုံငွေမှတဆင့် ပါဝင်ကူညီမည်ဖြစ်ရာ စုစုပေါင်း အမေရိကန်ဒေါ်လာ၅၅သန်း ရှိမည်ဖြစ်သည်။
- IDA အတိုးမဲ့ ချေးငွေ ဒေါ်လာသန်း ၈၀ ဖြင့် ဆောင်ရွက်မည့် မြန်မာနိုင်ငံ စာသင်ကျောင်းများသို့ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ချထားသည့် ထောက်ပံ့ငွေများ ပေးအပ်ခြင်း စီမံကိန်း ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ဘဏ် ဘုတ်အဖွဲ့က ၂၀၁၄ ခုနှစ် မေလတွင် ခွင့်ပြုခဲ့ပြီး မြန်မာနိုင်ငံတဝှန်းလုံးရှိ စုစုပေါင်း ၈.၂ သန်း အရေအတွက်ရှိ ကျောင်းသူ ကျောင်းသားများ တက်ရောက်နေသည့် စာသင်ကျောင်းများ အတွက် ဖြစ်ပါသည်။ ထို့အပြင် နွမ်းပါးသည့် ကျောင်းသား အရေအတွက် စုစုပေါင်း တစ်သိန်းခန့်သည် ငွေကြေး ထောက်ပံ့ကြေးများ ရရှိပြီး ပညာဆက်လက် သင်ကြားနိုင်မည်ဖြစ်သည်။ ဩစတြေးလျအစိုးရကလည်း

ဒေါ်လာ သန်း ၂၀ ကို မြန်မာနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု အလှူရှင်များ၏ ယုံကြည်မှု ရန်ပုံငွေမှတဆင့် အဆိုပါ စာသင်ကျောင်းများ ထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ကြေးပေးသည့် စီမံချက်များ တိုးချဲ့ ဆောင်ရွက်နိုင်ရန် ကူညီသွားမည်ဖြစ်သည်။

- ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အဓိက အာရုံစိုက် ဆောင်ရွက်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်းသည်လည်း ကမ္ဘာ့ဘဏ်အုပ်စု၏ အဖွဲ့တစ်ခုဖြစ်ပါသည်။ ၎င်းက အသေးစားနှင့် အလတ်စား လုပ်ငန်းများကို ချေးငွေများ ပိုမို တိုးတက် ပေးအပ်သွားနိုင်ရန်အတွက် ရိုးမဘဏ်သို့ ချေးငွေ ဒေါ်လာ ၅ သန်း ပေးအပ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့် အကြံပေးဆောင်ရွက်မှုများမှ တစ်ဆင့် ရိုးမဘဏ်သည် မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် (စုစုပေါင်း ဒေါ်လာ သန်း၁၇၀ တန်ဖိုးရှိသည့်) ချေးငွေစုစုပေါင်း တစ်ထောင် ကို ၂၀၁၉ မတိုင်မီ ပေးအပ်သွားနိုင်မည်ဖြစ်သည်။
- အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်းသည် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ပြုပြင် ပြောင်းလဲမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကူညီလျက်ရှိရာ အလုပ်အကိုင်များ ဖန်တီးရေးကို ဦးတည်လျက် ရှိပါသည်။ အစိုးရအပါအဝင် ပုဂ္ဂလိက ကဏ္ဍနှင့် အတူတကွ လက်တွဲပြီး ရင်းနှီးမြှုပ်နှံမှု ဥပဒေ အသစ် အပါအဝင် အခြား ဥပဒေ စည်းမျဉ်းများ ပေါ်ပေါက်လာပြီး ပြည်တွင်းနှင့် ပြည်ပ လုပ်ငန်းရှင်များ တရား မျှတမှုရှိစွာ ယှဉ်ပြိုင်လုပ်ကိုင်နိုင်မည့် ပတ်ဝန်းကျင်တစ်ခု ဖြစ်ထွန်း ပေါ်ပေါက်လာစေရန် ကူညီ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ စီးပွားရေး ဖိုရမ်ကိုလည်း ဦးဆောင်ခဲ့ပြီး အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ အတူတကွ ဆွေးနွေးအဖြေရှာနိုင်သည့် လမ်းကြောင်းတစ်ခုကို ဖော်ဆောင်ပေးနိုင်ခဲ့ပြီး ပြုပြင် ပြောင်းလဲမှုများ ပိုမို အားကောင်းလာစေရန် ကူညီပေးလျက်ရှိပါသည်။ ကုန်သွယ်ရေးဆိုင်ရာ ဘဏ္ဍာရေး လုပ်ငန်း၊ ချေးငွေများနှင့် အသေးစား ချေးငွေလုပ်ငန်းဆိုင်ရာ အစရှိသည့် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မြန်မာနိုင်ငံရှိ ဘဏ်များနှင့် ငွေရေး ကြေးရေး အဖွဲ့အစည်းများကို ဘဏ္ဍာရေးနှင့် စွမ်းရည်တိုးတက်ရေးဆိုင်ရာ အကူအညီများကိုလည်း ပံ့ပိုး ပေးလျက်ရှိပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်သည် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ကိုလည်း ဘဏ္ဍာရေးဆိုင်ရာ အခြေခံအဆောက်အဦးခိုင်မာစေရန်အတွက် ကူညီလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဘဏ်များအနေနှင့် ပြည်သူများကို ဝန်ဆောင်မှုများ ပိုမို ပေးအပ်လာနိုင်ပြီး ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုအသစ်များ ပေါ်ထွန်းလာနိုင်မည်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံ၏ အခြေခံ အဆောက်အဦး ကဏ္ဍအတွက် ကူညီလျက်ရှိရာ ကနဦးအနေဖြင့် လျှပ်စစ်နှင့် တယ်လီဖုန်း ဆက်သွယ်ရေး ကဏ္ဍများတွင်လည်း ပါဝင် ဆောင်ရွက်လျက်ရှိသည်။

## ရလဒ်များ

၁၉၈၇ ခုနှစ်မှ ၂၀၁၁ ခုနှစ် အထိတွင် ကမ္ဘာ့ဘဏ်အုပ်စုသည် တတိယ အဖွဲ့အစည်းများမှ တစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် လုပ်ငန်းများကိုသာပံ့ပိုးပေးခဲ့ပြီး အခြား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်သည့် မိတ်ဖက်များ၏ လုပ်ငန်းများအတွက် နည်းပညာ အကူအညီများပေးခဲ့သည်။ ၂၀၁၁ခုနှစ်အထိ ရလဒ်များမှာ အောက်ပါ အတိုင်းဖြစ်သည်။

၂၀၁၁ခုနှစ်တွင် အပြီးသတ်ခဲ့သည့် ကြက်ငှက်တုတ်ကွေးဆိုင်ရာ ပံ့ပိုးကူညီရေးစီမံကိန်းက တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု လုပ်ငန်းအတွင်း ကြက်ငှက်တုတ်ကွေးရောဂါကူးစက်မှုကို ကာကွယ်ပြင်ဆင်တုန့်ပြန်မှုနှင့် လူသို့ကူးစက် သည့် အန္တရာယ် လျော့ချရေးဆောင်ရွက်သည့် မြန်မာနိုင်ငံ၏စွမ်းဆောင်ရည်ကို တိုးတက်စေရန်အထောက်အကူပေးခဲ့သည်။

၂၀၁၀ ပြည့်နှစ် က စတင်ပြီး ကမ္ဘာ့ဘဏ်အုပ်စုသည် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၏ အရည်အသွေးဆိုင်ရာ စောင့်ကြည့်ရေး အတွက် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ အဖွဲ့ (LIFT)သို့ နည်းပညာ အကူအညီ ပံ့ပိုးပေးလျက်သည်။

၂၀၀၈ခုနှစ် မေလက မြန်မာနိုင်ငံကို နာဂစ်ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီးနောက် ကမ္ဘာ့ဘဏ်အုပ်စုသည် သဘာဝ ဘေးလွန်ကာလ လိုအပ်ချက်များ အကဲဖြတ်တိုင်းတာရေးအတွက် နည်းပညာအကူအညီပေးခဲ့သည်။ ထိုအကူအညီကြောင့် နာဂစ်လွန်ကာလ ပူးတွဲအကဲဖြတ်မှု PONJA ဇူလိုင် ၂၀၀၈အစီရင်ခံစာနှင့် ၂၀၀၈ခုနှစ် နိုဝင်ဘာလ၊ ၂၀၀၉ခုနှစ် မေလနှင့် ၂၀၁၀ခုနှစ်ဧပြီလများအတွက် နာဂစ်လွန်ကာလ လူမှုရေး အကျိုးသက်ရောက်မှု စောင့်ကြည့်ရေး အစီရင်ခံစာများ ဆက်တိုက်ထွက်ပေါ်ခဲ့သည်။

ကမ္ဘာ့ဘဏ်အုပ်စုသည် လူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးဟူသည့် မြန်မာနိုင်ငံအစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ကူညီရာတွင် အထူးသဖြင့် လူဦးရေ အများစု နေထိုင်လျက်ရှိသည့် ကျေးလက်ဒေသများတွင် လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ လက်ရှိတွင် ကမ္ဘာ့ဘဏ်အုပ်စုသည် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် လူထု ဗဟိုပြု စီမံကိန်းကို အကောင်အထည်ဖော်ရန် ကူညီလျက်ရှိပါသည်။ ထိုစီမံကိန်းက တံတားများ၊ လမ်းများ၊ ကျန်းမာရေးဆေးပေးခန်းများနှင့် စာသင်ကျောင်းများကဲ့သို့ ရပ်ရွာ လူထုအတွက် အလိုအပ်ဆုံး ဖြစ်သည့် အသေးစား အခြေခံအဆောက်အအုံ စီမံကိန်းများရွေးချယ်၊ စီစဉ်၊ တည်ဆောက်ရန် ကျေးရွာသားများကို စွမ်းအား မြှင့်တင်ပေးပါသည်။ ထိုစီမံကိန်းက ၆နှစ်ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းကျေးရွာပေါင်း ၃၀၀၀ နှင့် ပြည်သူပေါင်း ၂.၅သန်းအထိ ရရှိစေရန် ရည်ရွယ်ထားသည်။

စီမံကိန်း၏ ပထမနှစ် ဆောင်ရွက်မှုများအဖြစ် မြို့နယ် သုံးမြို့နယ်ရှိ ကျေးရွာ ၃၉၀ ရွာတွင် စီမံကိန်းငယ်ပေါင်း ၃၅၇ ခုကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ ဒုတိယနှစ်အဖြစ် အခြား မြို့နယ် ခြောက်မြို့နယ်တွင် လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ထပ် လူဦးရေ ခြောက်သိန်းနှစ်သောင်းထံသို့ ထပ်မံ ရောက်ရှိနိုင်မည်ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် အစိုးရ၊ ကမ္ဘာ့ဘဏ်နှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ ပါဝင်သည့် လူထု ဗဟိုပြု စီမံကိန်း သက်ဆိုင်သူများ သုံးသပ်ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်နိုင်ခဲ့ပြီး အစိုးရ အဆင့်မြင့် တာဝန်ရှိသူများ၊ ဒေသခံ မြို့နယ်များမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ၊ စီမံကိန်းဆောင်ရွက်သည့် ဒေသမှ ပြည်သူလူထုများ တက်ရောက်ပြီး စီမံကိန်း အကောင် အထည်ဖော်ခြင်းနှင့် သက်ဆိုင်သည့် အကြောင်းအရာများအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးခဲ့ကြပြီး တိုးတက်အောင် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရှာဖွေခဲ့ကြပါသည်။

မကြာမီက စတင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း စီမံကိန်း အသစ်များထံမှ ထွက်ပေါ်လာမည့် ရလဒ်များကို အနာဂတ်ကာလတွင် မြင်တွေ့နိုင်မည် ဖြစ်ပါသည်။